ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
လူသားချင်းစာနာထောက်ထားရေးနှင့်
ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေး ဝန်ကြီးဌာန
mohadm@nugmyanmar.org

# မိုခါဆိုင်ကလုန်းအရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများဆောင်ရွက်မှုအခြေအနေအစီရင်ခံစာအမှတ်စဉ်(၂)







**အလေးပေးတင်ပြချက်များ**

၁။ အလွန့်အလွန် အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းမိုခါသည် ၁၄-၅-၂၀၂၃ရက်နေ့တွင် ရခိုင်ကမ်းရိုးတန်းကို စစ်တွေမြို့အနီးက ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီး ဖြစ်ပါသည်။ မိုခါ ဆိုင်ကလုန်းမုန်တိုင်းသည် ကုန်းတွင်းမုန်တိုင်းငယ်အဖြစ် ချင်းပြည်နယ်၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်းနှင့် ကချင်ပြည်နယ်အနီးသို့ နာရီအတော်အသင့်ကြာအောင် ဖြတ်သန်းခဲ့ပြီး မြန်မာနိုင်ငံမြောက်ပိုင်း နယ်မြေများပေါ်တွင် ယနေ့ နံနက်ပိုင်း၌ အားပျော့ ပျက်ပြယ်သွားပြီ ဖြစ်ပါသည်။ ကုန်းတွင်းပိုင်း မုန်တိုင်းအဖြစ် ဖြတ်ကျော်စဉ်ဖြတ်သန်းရာ ဒေသများတွင် မုန်တိုင်း၏ သက်ရောက်မှုများကြောင့် ဆည်များရေလျှံခြင်း၊ မိုးကြီးခြင်း၊ ချောင်းရေများစီးဆင်းခြင်း၊ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပွားသည့်အတွက် ထိခိုက်ပျက်စီးမှုများစွာ ရှိပါသည်။ အချို့ ဒေသများတွင် ဆက်သွယ်ရေးလိုင်းများ ပြတ်တောက် နေဆဲဖြစ်သည့်အတွက် စာရင်းဇယားများ ကောက်ယူရာတွင်အခက်အခဲများစွာရှိပါသည်။ မုန်တိုင်းကြောင့် လူသေ ဆုံးဒဏ်ရာရမှုများအပြင် နေအိမ်ပျက်စီးမှုများ၊ အခြေခံ အဆောက်အအုံ ပျက်စီးမှုများ၊ လမ်း၊ တံတား ပျက်စီးမှုများ၊ စိုက်ပျိုးသီးနှံများ ရေလွှမ်းမိုးခြင်းနှင့် ပျက်စီးခြင်းများ၊ ကျွဲ၊ နွား၊ ဆိတ်၊ ဝက်များ ရေထဲ မျောပါ သေဆုံးခြင်းများ ဖြစ်ပွားခဲ့ပါသည်။

## မိုခါမုန်တိုင်းဝင်ရောက်ပြီးနောက်ဆက်တွဲအခြေအနေ

၂။ မိုခါဆိုင်ကလုန်းမုန်တိုင်း၏အရှိန်ကြောင့် မေလ ၁၅ ရက်နေ့တွင် စစ်ကိုင်းတိုင်း အထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး အချို့နေရာများ တွင် နေရာကွက်၍ မိုးကြီး နိုင်ပါသည်။ မိုခါဆိုင်ကလုန်းမုန်တိုင်းနှင့်အတူ မေလ (၁၆)ရက် နေ့မှ စတင်ကာ မြန်မာနိုင်ငံတောင်ပိုင်း ဒေသများသို့ အနောက်တောင် မုတ်သုံလေ စတင် ဝင်ရောက်လာနိုင်ပါသည်။ မုန်တိုင်းနှင့်အတူမိုးကြီးခြင်း ကြောင့် ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်း နှင့် မကွေးတိုင်းတို့ရှိ အချို့သောဒေသများတွင် မြေပြိုခြင်း၊ ဆည်များ ကျိုးခြင်းနှင့် ရေကြီး ရေလျှံခြင်းများဖြစ်ပွားလျက်ရှိပါသည်။



စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်းအတွင်း ရေကြီး ရေလျှံမှုများနှင့် ပျက်စီးမှု အချို့

၃။ မိုခါဆိုင်ကလုန်းမုန်တိုင်းနှင့် ဆက်စပ်၍ နောက်ဆက်တွဲဖြစ်စဉ်များကြောင့် ရခိုင်၊ ရှမ်း၊ မန္တလေး၊ ဧရာဝတီ၊ စစ်ကိုင်း၊ မကွေးနှင့် ရန်ကုန်တို့တွင် သေဆုံးသူစုစုပေါင်း (၁၈) ဦး ရှိခဲ့ပြီး ထိခိုက်ဒဏ်ရာရသူများနှင့် နာမကျန်းဖြစ်ပွားသူများလည်း ရှိကြောင်းသိရပါသည်။ နေအိမ်ပျက်စီးမှုများ၊ အခြေခံ အဆောက်အအုံပျက်စီးမှုများ၊ လမ်း၊ တံတား ပျက်စီးမှုများ၊ စိုက်ပျိုးသီးနှံများ ရေလွှမ်းမိုးခြင်းနှင့် ပျက်စီးခြင်းများ၊ ကျွဲ၊ နွား၊ ဆိတ်၊ ဝက်များ ရေထဲမျောပါ သေဆုံးခြင်းများ ဖြစ်ပွားခဲ့ပါသည်။ ထိခိုက် ပျက်စီးမှုများကို ရခိုင် ပြည်နယ်တွင် အများဆုံး ကြုံတွေ့ခဲ့ရပြီး မကွေးတိုင်းနှင့် စစ်ကိုင်းတိုင်းတို့သည် ဒုတိယ ထိခိုက်မှုအများဆုံးဖြစ်ပါသည်။ အခြားသော ချင်းပြည်နယ်၊ ကချင်ပြည်နယ်၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းတို့တွင် လည်း ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပွားခဲ့ပါသည်။ မေလ ၁၅ ရက်နေ့အထိ ရရှိထားသော စာရင်း ဇယားများအရ ရခိုင်ပြည်နယ်တွင် အထင်ကရ နေရာများဖြစ်သည့် ကျောက်တော်မဟာမြတ်မုနိဘုရား၊ စစ်တွေ ရှုခင်းသာလမ်းများ ထိခိုက်ပျက်ဆီးခဲ့ပြီး အိမ်ခြေ ထောင်သောင်းကျော် အမိုးအကာ ပျက်စီးမှုများ ဖြစ်ပွား ခဲ့ပါသည်။ စစ်ကိုင်းတိုင်း ဒေသကြီးတွင် မြို့နယ် (၂) မြို့နယ်၊ ကျေးရွာ (၃၄) ရွာမှ လူဦးရေ (၂၂,၂၀၉) ဦးနှင့် မကွေးတိုင်းတွင် မြို့နယ်(၂) မြို့နယ်မှ လူဦးရေ (၂,၄၆၂)ဦး မုန်တိုင်းကြောင့် အရေးပေါ် ရွှေ့ပြောင်းကြရပါသည်။ ထိခိုက်ပျက်စီးမှု အသေးစိတ်ကို နောက်ဆက်တွဲစာရင်းဖြင့် ဖော်ပြ အပ်ပါသည်။



ရခိုင်ပြည်နယ် စစ်တွေ၊ ကျောက်တော်၊ ဂွ၊ မြောက်ဦးမြို့နယ်များမှ ထိခိုက်ပျက်စီးမှုများ



ချင်းပြည်နယ်မှ ထိခိုက်ပျက်စီးမှုများ

## အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများဆောင်ရွက်ခြင်း

၄။ မိုခါဆိုင်ကလုန်းမုန်တိုင်းအရေးပေါ်တုံ့ပြန်ရေးစီမံချက်အရ အဓိက ကဏ္ဍကြီး(၅)ရပ်ကို အရေးပေါ် အခြေအနေစီမံခန့်ခွဲမှု ဆိုင်ရာပေါင်းစပ်ညှိနှိုင်းရေးကော်မတီအောက်ရှိ လုပ်ငန်းအဖွဲ့(၈)ခုက တာဝန် ယူဆောင်ရွက်လျက်ရှိပါသည်။ မြေပြင်စာရင်းဇယား ကောက်ယူခြင်း၊ အပျက်အစီးများရှင်းလင်းခြင်း၊ ယာယီအမိုးအကာများဖန်တီးပေးခြင်း၊ အရေးပေါ်ကျန်းမာရေး စောင့်ရှောက်ပေးခြင်း၊ လူသားချင်း စာနာမှု အထောက်အပံ့များ ပေးခြင်း နှင့် Lifelines များပြန်လည်ချိတ်ဆက်နိုင်ရေးကိစ္စရပ်များကို သက်ဆိုင်ရာဒေသ အသီးသီးမှ တာဝန်ရှိအဖွဲ့အစည်းများနှင့် ချိတ်ဆက်ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။



မကွေးတိုင်းအတွင်း သက်ဆိုင်ရာ တာဝန်ခံများ/PDFများက အရေးပေါ် ရွှေ့ပြောင်းပေးမှုများနှင့် အပျက်အစီး ရှင်းလင်းမှုများ ဆောင်ရွက်နေပုံ






စစ်ကိုင်းတိုင်းအတွင်း လူသားစာနာအဖွဲ့မှ အရေးပေါ် တုံ့ပြန် ကယ်ဆယ်ရေး ကွင်းဆင်းဆောင်ရွက်မှုများ

၅။ ရန်ပုံငွေထောက်ပံ့မှုအပိုင်းတွင် အမျိုးသားညီညွတ်ရေးအစိုးရအနေဖြင့် မိုခါ ဆိုင်ကလုန်း မုန်တိုင်း အရေးပေါ်တုံ့ပြန်ရေးအတွက် အမေရိကန်ဒေါ်လာ(၁)သန်း ပံ့ပိုး ဆောင်ရွက်မည်ဖြစ်ပြီး ထောက်ပံ့ ဖြန့်ဝေမှုများကို မြေပြင်လိုအပ်ချက်အပေါ်မူတည်၍ အမျိုးသားညီညွတ်ရေးအစိုးရနှင့် ချိတ်ဆက် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် သက်ဆိုင်ရာ အဖွဲ့အစည်းအသီးသီးမှတစ်ဆင့် ထောက်ပံ့ပေးမည် ဖြစ်ပါသည်။ အရေးပေါ်အခြေအနေ စီမံ ခန့်ခွဲမှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးကော်မတီအောက်ရှိ လုပ်ငန်း အဖွဲ့(၈)ခုက မိုခါ ဆိုင်ကလုန်းမုန်တိုင်း အရေးပေါ်တုံ့ပြန်ရေးအတွက် သုံးစွဲရန်လိုအပ်မည့် လုပ်ငန်းများ အတွက် ကဏ္ဍအလိုက် သုံးစွဲကြရန်လည်းဖြစ်ပါသည်။ ၂၀၂၃ခုနှစ်၊ မေလ ၁၅ ရက်နေ့အထိ မိုခါ ဆိုင်ကလုန်း အရေးပေါ်တုံ့ပြန်ရေးအတွက် အမျိုးသားညီညွတ်ရေးအစိုးရက ပံ့ပိုး ထောက်ပံ့မှုများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | မြို့နယ် | အကြောင်းအရာ | ကနဦး ထောက်ပံ့ငွေ (ကျပ်) |
|---|---|---|---|---|
| ၁။ | ရခိုင်ပြည်နယ် | Arikan Herritage Foundation | ကနဦးထောက်ပံ့ငွေ | ၁၀,၀၀၀,၀၀၀ |
| | | မောင်တောနှင့် ၇မြို့နယ် | မုန်တိုင်းရှောင်ပြည်သူများ အတွက် အရေးပေါ် စားနပ်ရိက္ခာနှင့် အမိုးအကာများ ပံ့ပိုးပေးခြင်း | ၃,၀၀၀,၀၀၀ |
| ၂။ | ချင်းပြည်နယ် | (၉)မြို့နယ် | ကနဦးထောက်ပံ့ငွေ | ၁၀,၀၀၀,၀၀၀ |
| ၃။ | ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ဘဇား | ရိုဟင်ဂျာ ဒုက္ခသည်များ စခန်း | ထိခိုက်လွယ် မိသားစု (၁၄၀)စု အတွက် Cyclone Emergency Preparedness Kits များ | ၇,၆၀၀,၀၀၀ |
| ၄။ | မကွေးတိုင်း | ဆော၊ ရေစကြို၊ ထီးလင်း၊ ဆိတ်ဖြူ၊ ဂန့်ဂေါ၊ ပေါက်၊ ပခုက္ကူ | အရေးပေါ် စားနပ်ရိက္ခာ လိုအပ်ချက်ကို ဖြည့်ဆည်းပေးခြင်း | ၁၅,၅၀၀,၀၀၀ |
| ၅။ | စစ်ကိုင်းတိုင်း | ကနီ၊ ပုလဲ၊ ယင်းမာပင်၊ | အရေးပေါ် စားနပ်ရိက္ခာ လိုအပ်ချက်ကို ဖြည့်ဆည်းပေးခြင်း | ၁၀,၂၅၀,၀၀၀ |
| ၆။ | ရန်ကုန်တိုင်း | အင်းစိန် | လေပြင်းတိုက်ခတ်မှုကြောင့် ခြံစည်းရိုးတိုင်ကျွတ်၍ မုန်ကွဲစထိမှန်ပြီး မျက်လုံးထိခိုက်မိသူ (၁) ဦးအား ထောက်ပံ့ခြင်း | ၁၀၀,၀၀၀ |
| **စုစုပေါင်း** | | | | **၅၆,၄၅၀,၀၀၀** |

**အရေးပေါ်လိုအပ်ချက်များနှင့် ကြုံတွေ့ရသည့်စိန်ခေါ်မှုများ**

၆။ ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်းရှိ မြို့နယ် အများစုတွင် လျှပ်စစ်မီးနှင့် အင်တာနက်လိုင်းများ ပြတ်တောက်လျက်ရှိသဖြင့် ဘေးသင့် ပြည်သူများမှာ သတင်း အချက်အလက်များရရှိနိုင်ရန်နှင့် ကယ်ဆယ်ရေး အကူအညီ များတောင်းခံရန် အခက်အခဲကြုံတွေ့နေရပါသည်။ ထို့အပြင် စစ်ကိုင်းနှင့် မကွေးတို့တွင် ကျေးရွာချင်းဆက်လမ်းများ၊ တံတားများ ပျက်စီးမှုများ ကြောင့် ထောက်ပံ့ ပို့ဆောင်မှုများ

တွင် အခက်အခဲများကြုံတွေ့ရပါသည်။ မုန်တိုင်းသင့်ဒေသများတွင် စိုက်ပျိုးသီးနှံခင်းများ ရေမြုပ်ခြင်း၊ ကျွဲနွားတိရစ္ဆာန်များသေကြေခြင်းနှင့် သိုလှောင်ထားသည့် ရိက္ခာများနှင့် စပါးကျီများ ပျက်စီးခြင်း တို့ကြောင့် စားနပ်ရိက္ခာဖူလုံရေးအတွက် စိန်ခေါ်မှုများစွာ ရှိပါသည်။ ထို့အပြင် မုန်တိုင်း ကျရောက် သည့် ဒေသများတွင် ချောင်းရေများ တိုက်စားခြင်းကြောင့် စစ်ရှောင် စခန်းများရှိ အသုံး အဆောင်ပစ္စည်းများ ပျက်စီးဆုံးရှုံးခဲ့ရ သဖြင့် လူသုံးကုန်ပစ္စည်း များလည်း လိုအပ်လျက် ရှိသည်။ အထူးသဖြင့် ရခိုင်ပြည်နယ်တွင် နေအိမ် အမြောက်အများ ပျက်စီးခဲ့ခြင်း ကြောင့် မုတ်သုံကာလတွင် အမိုးအကာများ ပံ့ပိုးပေးနိုင်ရန် အရေးတကြီး လိုအပ်လျက် ရှိပါသည်။ ရခိုင်ဒေသသည် မိုးများသော ဒေသဖြစ်သည့်အတွက် အမိုးအကာ လိုအပ်ချက် များကို အမြန်ဆုံးဆန်းစစ်၍ ထောက်ပံ့ ကူညီမှုများပေးရန် လိုအပ်ပါသည်။

## မိုခါဆိုင်ကလုန်းအရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများအတွက်ဆက်သွယ်လှူဒါန်းရန်

၁) ချင်းအမျိုးသားတပ်ဦး
Signal: +91 87985 65564
Email: thetni@gmail.com

၂) မိုခါဆိုင်ကလုန်းအရေးပေါ်တုံ့ပြန်ရေး(ချင်းပြည်နယ်)
Signal: +95 9 954 633936
Email: icncc.mocha@gmail.com

၃) ရခိုင်ပြည်ကူညီကယ်ဆယ်ရေး
Signal: +66 64 193 6300
Email: arakanheritagefoundation@gmail.com

၄) လူသားစာနာဝန်ကြီးဌာန၊ အမျိုးသားညီညွတ်ရေးအစိုးရ
Signal: +66 97 089 0918
Email: mohadm@nugmyanmar.org

*****************************************************************